# ဒုက္ခသည်ကူညီရေးဌာနချုပ်RHQဆိုသည်မှာ

## ဂျပန်နိုင်ငံ၏ဒုက္ခသည်များလက်ခံမှု

၁၉၇၈ ခုနှစ်တွင်အင်ဒိုချိုင်းနားဒုက္ခသည်များ၏အခြေချနေထိုင်မှုကိုစတင်ရန်ဆုံးဖြတ်ခဲ့သည့်ဂျပန်အစိုးရသည် ကက်ဘိနက်ညီလာခံတွင်အင်ဒိုချိုင်းနားဒုက္ခသည်များနှင့်သက်ဆိုင်သည့်ညှိနိူင်းအစည်းအဝေးကိုပြုလုပ်ခဲ့ပြီး၊ အခြေချနေထိုင်မှုအတွက်စီမံချက်များနှင့်ပေါ်လစီများကိုချမှတ်ခဲ့ပါသည်။ ၁၉၇၉ ခုနှစ် ၁၁ လတွင်ဂျပန်အစိုးရ သည်အာရှတိုက်သားများလူမှုဖူလုံရေးနှင့်ပညာရေးဖောင်ဒေးရှင်းသို့အခြေချနေထိုင်မှုထောက်ပံ့ကူညီရေး လုပ်ငန်းများကိုတာဝန်ပေးအပ်ခဲ့ပြီးဖောင်ဒေးရှင်းထဲတွင်ဒုက္ခသည်ကူညီရေးဌာနချုပ်ကိုထားရှိခဲ့သည်။ဂျပန် နိုင်ငံတွင်ယနေ့အထိ၁ သောင်း ၁ ထောင်ကျော်သည့်အင်ဒိုချိုင်းနားဒုက္ခသည်များကိုလက်ခံခဲ့ပါသည်။ အင်ဒိုချိုင်းနားဒုက္ခသည်များလက်ခံခြင်းကို ၂၀၀၅ ခုနှစ်ကုန်တွင်ပြီးဆုံးခဲ့ပါသည်။ထိုအပြင်ဂျပန်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာဒုက္ခသည်စာချုပ်တွင်ပါဝင်ခဲ့ပြီး ၁၉၈၂ ခုနှစ်တွင်ဒုက္ခသည်အဖြစ်အသိအမှတ်ပြုသည့် စည်းမျဉ်းများကိုချမှတ်ခဲ့ပါသည်။တရားရေးဝန်ကြီးဌာနသည်ဒုက္ခသည်အဖြစ်လျှောက်ထားသူအားဒုက္ခသည် စစ်မှန်မှုရှိကြောင်းကိုစစ်ဆေးပါသည်။ယနေ့အထိတရားရေးဝန်ကြီးက ၅၇၀ ဦးရေကျော်ကိုဒုက္ခသည်အဖြစ် အသိအမှတ်ပြုခဲ့ပါသည်။ (အပြည်ပြည်ဆိုင်ရာဒုက္ခသည်စာချုပ်အရ)

၂၀၀၂ ခုနှစ် ၈ လ ကက်ဘိနက်ညီလာခံတွင်အပြည်ပြည်ဆိုင်ရာဒုက္ခသည်စာချုပ်အရဒုက္ခသည်အဖြစ်အသိ အမှတ်ပြုခြင်းခံရသူများ၏အခြေချနေထိုင်မှုကိုကူညီထောက်ပံ့ရန်သဘောတူခဲ့ပြီး။အပြည်ပြည်ဆိုင်ရာဒုက္ခ သည်စာချုပ်အရဒုက္ခသည်အဖြစ်အသိအမှတ်ပြုခြင်းခံရသူများ၏အခြေချနေထိုင်မှုကူညီထောက်ပံ့ရေးလုပ်ငန်း များကိုလည်းအာရှတိုက်သားများလူမှုဖူလုံရေးနှင့်ပညာရေးဖောင်ဒေးရှင်းသို့တာဝန်ပေးအပ်ခဲ့ပါသည်။

၂၀၀၈ ခုနှစ် ၁၂ လ ကက်ဘိနက်ညီလာခံတွင်တတိယနိုင်ငံအခြေချနေထိုင်ရေးဒုက္ခသည်များကိုအစီအစဉ် တရပ်အနေဖြင့်ကူညီမည်ဟုဆုံးဖြတ်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင်ထိုင်းနိုင်ငံဒုက္ခသည်စခန်းမှမြန်မာဒုက္ခသည်မိသားစု ၅ စု ၂၇ ဦး အား(ပထမအကြိမ်)၊၂၀၁၁ ခုနှစ်တွင်ထိုင်းနိုင်ငံဒုက္ခသည်စခန်းမှမြန်မာမိသားစု ၄ စု ၁၈ ဦးအား(ဒုတိယအကြိမ်)ခေါ်ဆောင်လာပြီးဒုက္ခသည်ကူညီရေးဌာနချုပ်မှအခြေချနေထိုင်ရေးထောက်ပံ့ကူညီမှု အစီအစဉ်ကိုစတင်ခဲ့ပါသည်။

●ဂျပန်နိုင်ငံတွင်အခြေချနေထိုင်သည့်အင်ဒိုချိုင်းနားဒုက္ခသည်များ

( ၂၀၀၉ ခုနှစ်ဒီဇင်ဘာလ ၃၁ ရက်မှာပြီးဆုံးသည် ) ( ဦးရေ )

| | |
|---|---|
| ဗီယက်နမ် | ၈၆၅၆ ဦး |
| လာအို | ၁၃၀၆ ဦး |
| ကမ္ဘောဒီးယား | ၁၃၅၇ ဦး |
| စုစုပေါင်း | ၁၁၃၁၉ဦး |

●ဒုက္ခသည်အဖြစ်လျှောက်သူနှင့်အသိအမှတ်ပြုခြင်းခံရသူဦးရေ

( ၂၀၁၁ ခုနှစ်ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ) ( ဦးရေ )

| | |
|---|---|
| လျှောက်ထားသူ | ၁၁၇၅၄ ဦး |
| အတည်ပြုခြင်းခံရသူ | ၅၉၈ ဦး |
| လူသားချင်းစာနာထောက်ထားမှုရေနေထိုင်ခွင့်ရရှိသူ | ၁၉၉၄ ဦး |

လူသားချင်းစာနာထောက်ထားမှုအရဂျပန်နိုင်ငံတွင်နေထိုင်ခွင့်ရရှိသူဆိုသည်မှာဒုက္ခသည်အဖြစ်အသိအမှတ်ပြုခြင်းမခံရ သူဖြစ်ပြီးအထူးနေထိုင်ခွင့်ပြုချက်ကိုရရှိထားသောလူဦးရေဖြစ်ပါသည်။

## ဒုက္ခသည်ကူညီရေးဌာနချုပ်

ဒုက္ခသည်ကူညီရေးဌာနချုပ်သည် ရုံးချုပ်၊ကန်းဆိုင်ရုံးခွဲ၊RHQကူညီထောက်ပံ့ရေးစင်တာတို့တွင်ဒုက္ခသည်များအားကူညီထောက်ပံ့မှုများနှင့်ပတ်သတ်သည့်လုပ်ငန်းအမျိုးမျိုးကိုဆောင်ရွက်ပေးနေပါသည်။လုပ်ငန်းကုန်ကျစရိတ်များကိုနိုင်ငံခြားရေးဝန်ကြီးဌာန၊ပညာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊အလုပ်သမားကျန်းမာရေးနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနတို့မှကူညီပါသည်။

Copyright (C) 2011 Refugee Assistance Headquarters. All Rights Reserved.